# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့အစီအစဉ်

# [ ၁၁–၇–၂၀၁၂ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လှိုင်၊ မဘိမ်း မဲဆန္ဒနယ်၏ **ရွှေလီရေအားလျှပ်စစ်စက်ရုံ(၁) သို့မဟုတ် ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးထုတ်လုပ်ပေးရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ်မဲဆန္ဒနယ်၏ **မိုးကုတ်ဓာတ်အား ခွဲရုံမှ မိုးမိတ်မြို့နယ်အတွက် လျှပ်စစ်ဓာတ်အား မျှဝေပေးနိုင်ရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးလှမောင်(ခ)ဦးနိုင်လှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **သဘာဝချောင်း၊ တူးမြောင်း တိမ်ကောမှုအား စက်ယန္တရားများဖြင့် ပြန်လည် တူးဖော်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်သောင်း၊ တောင်သာ မဲဆန္ဒနယ်၏ **ပျက်စီးသွားသော အဆောက်အဦနှင့် ရေပေးမြောင်းအား အရေးပေါ် ပြုပြင်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ဟားခါးမြို့တွင် တက္ကသိုလ်ကျောင်း အမြန်ဆုံး ဖွင့်လှစ်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **တက္ကသိုလ်များတွင် အဆင့်မီသော ဘော်ဒါဆောင်များ ဆောက်လုပ်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏**အခွန်ဦးစီးဌာနရုံးကို ပလက်ဝမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးအေးမြင့်၊ အင်းစိန် မဲဆန္ဒနယ်၏ **အခွန်တံဆိပ်ခေါင်းများကို မည်သည့် အချိန်တွင် လုံလောက်စွာ ရောင်းချပေးနိုင်မည်ကိုသိလိုသည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးငွေမောင်၊ ဆော မဲဆန္ဒနယ်၏ **"မြို့နယ်အဆင့်များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်းကောင်းမွန်စေရမည်၊ မည်သည့်နှစ်တွင် လျှပ်စစ် ဓာတ်အား ရရှိစေရမည် စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်ချမှတ် ဆောင်ရွက်ရေး"** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်။

(ခ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်။

(ဂ) ဦးမောင်ဦး၊ ဖောင်းပြင် မဲဆန္ဒနယ်။

(ဃ) ဦးစိုင်းသီဟကျော်(ခ) ဦးစိုင်းဟပ်၊ မိုင်းရယ် မဲဆန္ဒနယ်။

(င) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်။

(စ) ဦးခင်မောင်ငွေ၊ ထီးလင်း မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်က **“ တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြေကြိုက်ခံရခြင်းအတွက် လိုအပ်သည့် မြေဆီပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ”** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန်သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ဦးသိန်းညွှန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **“ မကြာခင်က ဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊အလုပ်ရုံတစ်ချို့အပါအဝင် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်၍ ဖြစ်ပွားရသော လက်ငင်းအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်းများကို လေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်စေဘဲ အဖြေရှာနိုင်ရန်အတွက် အများကြည်ညို လေးစားပြီး ယုံကြည်လောက်သော ပုဂ္ဂိုလ်များ ပါဝင်သည့် အလုပ်သမား ဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၁။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော **"၂၀၁၂ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။